**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး**

**စတုတ္ထနေ့မှတ်တမ်း**

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နေ့လယ် ၁၃း၂၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ကို ဆက်လက်ကျင်းပပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၇ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၈-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ကျွန်မဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ ၃ ဦးရှိပါတယ်။ ၎င်းတို့မှာ-

(၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်

(၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်

(၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ယူထားသူ ၃ ဦး ယနေ့ ခွင့်ပန်ကြားသူ ၃ ဦး စုစုပေါင်း ၆ ဦးဖြစ်ပါတယ်။

## မူကြမ်း

ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီမှာ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

တတိယနေ့(၅-၂-၂၀၁၆)ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ လတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လတ်တော်က သဘောတူတဲ့အတွက် လတ်တော်အခွင့်အရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | ။ |
| (၃) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | ။ |
| (၄) | ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် | ။ |
| (၅) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | ။ |
| (၆) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | ။ |
| (၇) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | ။ |
| (၈) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | ။ |
| (၉) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | ။ |
| (၁၀) | ဦးစိုင်းစံသိန်း | မိုးနဲမဲဆန္ဒနယ် | ။ |
| (၁၁) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | ။ |
| (၁၂) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | ။ |
| (၁၃) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | ။ |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ပါဝင်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့(၅-၂-၂၀၁၆)ရက်နေ့မှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးဇုန်းတိန့်၊ ချီဖွေမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

| | | | |
|---|---|---|---|
| (၁) | ဦးမျိုးနိုင် | ချမ်းအေးသာစံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၂) | ဒေါက်တာဝင်းအောင် | ခင်ဦးမဲဆန္ဒနယ် | ॥ |

**မူကြမ်း**

| | | | |
|---|---|---|---|
| (၃) | ဦးအောင်သိန်း | ဗန်းမော်မဲဆန္ဒနယ် | ။ |
| (၄) | ဒေါ်နီရေလျှန်း | ထန်တလန်မဲဆန္ဒနယ် | ။ |
| (၅) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံမဲဆန္ဒနယ် | ။ |
| (၆) | ဒေါ်တင်တင်ရီ | ကျန်းစုမဲဆန္ဒနယ် | ။ |
| (၇) | ဦးထွန်းထွန်း | ပွင့်ဖြူမဲဆန္ဒနယ် | ။ |
| (၈) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် | ။ |
| (၉) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | ။ |
| (၁၀) | ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် | တန့်ယန်းမဲဆန္ဒနယ် | ။ |
| (၁၁) | ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် | ။ |
| (၁၂) | ဦးခင်မောင်ဦး | ကျောက်တံခါးမဲဆန္ဒနယ် | ။ |
| (၁၃) | ဗိုလ်မှူးချုပ်တင်စန်းနိုင် | တပ်မတော်သားကိုယ်စားလှယ် | ။ |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ၁၃-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ၁၃-၁-၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)အရ လွှတ်တော်

အခွင့်အရေးကော်မတီက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဥ္စမနေ့ ကျင်းပမယ့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၃း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**